Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၈၆)　　　　　　　　　　　　　　　　　　　　　　နေ့စွဲ။ ၁၈.၁၁.၂၀၁၅ (ဗုဒ္ဓဟူးနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၁၈.၁၁.၁၅ | The Voice Daily Vol (3) No (192) p (12) | ဒေါ်အောင်ဆန်းစုကြည် | **လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည် သီးခြားတွေ့ဆုံ** NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီ ၃၀ မိနစ်မှစ၍ ၁၂ နာရီချိန်ထိ သီးခြားစီတွေ့ဆုံခဲ့သည်။ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် သူရဦးရွှေမန်းမှ လွှတ်တော်ဒုဥက္ကဋ္ဌဖြစ်သော ဦးနန္ဒကျော်စွာကို တာဝန်ယူစေခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ထို့နောက် သူရဦးရွှေမန်းနှင့် နိုဝင်ဘာ ၁၉ ရက်တွင် တွေ့ဆုံဦးမည်ဖြစ်သည်။ မွန်းလွဲ ၂ နာရီတွင်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့် နှင့်တွေ့ဆုံခဲ့သည်။တွေ့ဆုံဆွေးနွေးမှုရလဒ်များကို ဖြေကြားခြင်းမရှိကြောင်း သိရ သည်။ ကိုပေါက် |
| ၂ | ၁၈.၁၁.၁၅ | DEMOCRACY Today အတွဲ (၂) အမှတ် (၃၁၂) Pg (4) | လွှတ်တော် | **အစိုးရကတိပေးထားသည့်လုပ်ငန်း ၈၄ ခုကိုပယ်ဖျက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက တင်ပြလာဟုဆို** အစိုးရက လွှတ်တော်သို့ ဆောင်ရွက်ပေးမည်ဟု ကတိပေးထားသည့်လုပ်ငန်း ၈၄ ခုအား ပယ်ဖျက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက တင်ပြလာကြောင်း ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက နိုဝင်ဘာ ၁၇ ရက်နေ့က ပြုလုပ်သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းခဲ့သည်။ ယင်းလုပ်ငန်းများမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင်းကြယ်ပွင့်ပြမေးခွန်း မေးမြန်း၍သော်လည်းကောင်း၊ ကြယ်ပွင့်မပြမေးခွန်း၍သော်လည်းကောင်း၊ အဆိုတင်သွင်း၍သော်လည်းကောင်း လုပ်ငန်းအချို့ကိုဆောင်ရွက်ပေးရန် အခြေအနေရှိ မရှိ အစိုးရဖွဲ့ထံမေးမြန်းမှုကို အစိုးရအဖွဲ့က လုပ်ဆောင်ပေးမည်ဟု ကတိပြုထားသည့် လုပ်ငန်းများကို ဆိုလိုခြင်းဖြစ်သည်ဟု သိရသည်။ ယခုအစီရင်ခံစာအပေါ် လွှတ်တော်အတွင်း ဆွေးနွေးလိုသူများရှိပါက လာမည့်လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးမည်ဖြစ်သည်။ YM |

| | | | | |
|---|---|---|---|---|
| ၃ | ၂၀.၁၁.၁၅ | The Myanmar Review အတွဲ (၂) အမှတ် (၂၀) Pg (Supplement) | Election | **၂၀၁၅ ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများ မြေစာပင်ဖြစ်ခဲ့ရဟု ချင်းဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ပြော**<br>၂၀၁၅ ရွေးကောက်ပွဲ၌ ပါတီကြီးနှစ်ခု၏ တိုင်းရင်းသားဒေသ မဲဆန္ဒနယ်များတွင် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သဖြင့် တိုင်းရင်းသားပါတီများ မြေစာပင်ဖြစ်ခဲ့ရကြောင်း ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဦးဖိုဇမ်က နိုဝင်ဘာ ၁၅ ရက်နေ့က သမ္မတနှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲတွင် ပြောကြားသည်။ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေးနှင့် NLD ပါတီတို့၏ အကြိတ်အနယ်အားပြိုင်မှုအကြား တိုင်းရင်းသားဒေသများမှ ပါတီများမှာ မြေစာပင်လိုခံစားခဲ့ရကြောင်း၊ ယင်းကဲ့သို့ဖြစ်ရပ်မျိုး လုံးဝလက်မခံနိုင်ကြောင်း၊ နောင်တက်လာမည့် အစိုးရအနေဖြင့် တိုင်းရင်းသားများအတွက် စိတ်ကောင်းစေတနာမရှိပဲ အကြမ်းဖက်သည့်ပုံစံမျိုးဖြင့် လုပ်ဆောင်မည်ဆိုပါက မိမိတို့ တိုင်းရင်းသားများအနေဖြင့် အသက်ပေးကာကွယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် Check and Balance လုပ်ဆောင်ခဲ့သလို နောင်တက်လာမည့် အစိုးရအဖွဲ့ကိုလည်း Check and Balance လုပ်ဆောင်သွားမည်ဟုလည်း ပြောကြားသွားခဲ့သည်။<br>HM |
| ၄ | ၁၈.၁၁.၁၅ | The Voice Daily Vol (3) No (192) p (7) | Election | **အနုပညာရှင်များ NLD ကိုကူညီ၍ တိုင်းရင်းသားပါတီများ ရှုံးနိမ့် ဟု ချင်းတိုးတက်ရေးပါတီ ဥက္ကဋ္ဌပြော**<br>NLD ပါတီအဖွဲ့ကို နာမည်ကျော်သရုပ်ဆောင် အနုပညာရှင်များက အားပေးကူညီ ရိုက်ကူးထားသည့် ဇာတ်ကားများ ပြည်သူများတွင် ပျံ့နှံ့ခဲ့ခြင်းကြောင့် တိုင်းရင်းသားပါတီငယ်များ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း ချင်းတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးနိုထန်ကပ်က ပြောသည်။ ချင်းတိုးတက်ရေးပါတီသည် ၂၀၁၅ ရွေးကောက်ပွဲတွင် ချင်းပြည်နယ်အတွင်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နှင့် ပြည်နယ်လွှတ်တော်နေရာတွင် ကိုယ်စားလှယ်ပေါင်း ၁၆ ဦး ယှဉ်ပြိုင်ခဲ့သော်လည်း အနိုင်မရရှိခဲ့ဘဲ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကလေး၊ တမူးတွင် တိုင်းရင်းသားရေးရာဝန်ကြီး တစ်နေ ရာနှင့် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စသည့်နေရာများမှယှဉ်ပြိုင်ခဲ့ပြီး အခြားမဲဆန္ဒနယ်တွင်လည်း ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနေရာမှ ယှဉ်ပြိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းအတွင်းရှိ နေရာများတွင်လည်း ရှုံးနိမ့်ခဲ့သည့် ပါတီတစ်ခုဖြစ်သည်။<br>ငြိမ်းသူမင်း |

| | | | | |
|---|---|---|---|---|
| ၅ | ၁၈.၁၁.၁၅ | 7 Day Daily No (921) p (A2) | ငြိမ်းချမ်းရေး | **ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဒီချုပ်ပါဝင်လာမည်ဟု ယုံကြည်**<br>ရွေးကောက်ပွဲရလဒ်များအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ အစိုးရသစ်ဖွဲ့ခွင့်ရရှိနေပြီး ယင်းအစိုးရအဖွဲ့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာမည်ဟု ယုံကြည်ကြောင်း နိုဝင်ဘာ ၁၇ ရက်က ကနေပြည်တော်ရှိ Horizon Lake View ဟိုတယ်တွင် ပြုလုပ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်ရပ်စဲမှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်းကပြောသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ရွေးကောက်ပွဲ အနိုင်ရ NLD အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံရန် အစီအစဉ်ရှိကြောင်း ဆိုသည်။NLD မှာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် ရှေ့လုပ်ငန်းစဉ် ချမှတ်သည့်အထဲတွင်လည်း ပါသည့်အတွက် ၎င်းတို့အဖွဲ့ကလည်း ဆောင်ရွက်မည်ဟု ယုံကြည်ကြောင်းဆိုသည်။ နိုင်ငံရေးတွေ့ဆုံမှုဆွေးနွေးမှု ပူးပေါင်းကော်မတီတွင် ပါဝင်သည့် အစုအဖွဲ့သုံးခုအနက် နိုင်ငံတော်ကိုယ်စားပြု အစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့နှစ်ဖွဲ့သာပါဝင်ပြီး နိုင်ငံရေးပါတီအစုအဖွဲ့မှာပါဝင်ခြင်းမရှိသည့်အတွက် လာမည့် နိုဝင်ဘာ ၂၁ ရက်တွင် နိုင်ငံရေးပါတီများနှင့် ပြန်လည်စုစည်းတွေ့ဆုံပြီး ကိုယ်စားပြုမှုများကို ရွေးချယ်သွားမည်ဟုဆိုသည်။<br>နေရိုင်း၊ ဇေယျာထွန်း |
| ၆ | ၁၈.၁၁.၁၅ | The Voice Daily Vol (3) No (192) p (1,2) | ငြိမ်းချမ်းရေး | **တပ်မတော် ထိုးစစ်ပြင်းထန်လာသည့်အတွက် ကေအိုင်အေစခန်း တစ်ခု ဆုတ်ခွာခဲ့**<br>ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အနီး တပ်မတော်နှင့် ကချင်လက်နက်ကိုင်အဖွဲ့ ကေအိုင်အေ တိုက်ပွဲဆက်တိုက်ဖြစ်ပွားပြီး တပ်မတော်ထိုးစစ်ဆင်မှု ပြင်းထန်သောကြောင့် ကေအိုင်အေအဖွဲ့၏ကာကင်းစခန်းတစ်ခု ဆုတ်ခွာပေးခဲ့ရကြောင်း ကေအိုင်အေအဖွဲ့မှတာဝန်ရှိသူကပြောသည်။ တပ်မတော်ဘက်မှ လေကြောင်းပစ်ကူများ၊ မြေပြင်ထိုးစစ်များ ဆက်တိုက်ပြုလုပ်ခြင်း ကြောင့် တပ်မဟာ ၈ ဌာနချုပ်အနီး မီတာ ၃၀၀ ဝန်းကျင်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ပဋိပက္ခညှိနှိုင်းရေးအဖွဲ့ရှိသော်လည်း ပြဿနာရပ်တိုင်းကို ဖြေရှင်းနိုင်ခြင်းမရှိသည့်အတွက် တရားဝင်မတွေ့ဆုံဖြစ်ကြောင်း ကေအိုင်အေမှ တာဝန်ရှိသူကဆိုသည်။ တိုက်ပွဲဖြစ်ပွားရခြင်းကြောင့် ကာကင်းတစ်ခု ဆုတ်ခွာပေးလိုက်ရပြီး ဌာနချုပ်အတွက် စိုးရိမ်စရာရှိသည့်အတွက် တပ်မဟာ ၈ ကိုလည်း နေရာရွှေ့ပြောင်းရမည်ဖြစ်ကြောင်း ကေအိုင်အေမှ တာဝန်ရှိသူတစ်ဦး ကဆိုသည်။ |

| | | | | |
|---|---|---|---|---|
| ၇ | ၁၈.၁၁.၁၅ | Daily Eleven Pg (5) | ငြိမ်းချမ်းရေး | **ရှမ်းပြည်နယ်အတွင်း လက်ရှိဖြစ်ပွားနေသည့်တိုက်ပွဲများ ရပ်တန့်ပေးရန် နိုင်ငံတော်သမ္မတထံ SSPP အဖွဲ့မှ ပြောခွင့်ရှိ သူ တောင်းဆို**<br>အစိုးရတပ်မတော်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/ SSA) တို့အကြား ရှမ်းပြည်နယ်အတွင်းဖြစ်ပွားနေသော တိုက်ပွဲများရပ်တန့်ပေးရန် နိုင်ငံတော်သမ္မတထံသို့ တောင်းဆိုထားကြောင်း SSPP/ SSA ပြောခွင့်ရှိသူ ဗိုလ်မှူးကြီး စိုင်းလက နိုဝင်ဘာ ၁၆ ရက်နေ့က ပြောသည်။ ရှမ်းပြည်နယ်အတွင်း တပ်မတော်နှင့် SSPP SSPP တို့အကြား ဖြစ်ပွားနေသော တိုက်ပွဲကြောင့် လွိုင်လင်ခရိုင်အတွင်းရှိ စစ်ဘေးဒုက္ခသည်များမှာ နီးစပ်ရာမြို့များသို့ ထွက်ပြေးတိမ်းရှောင်ကြရင်းဖြင့် ယခုအခါ တောင်ကြီးမြို့သို့ ရောက်ရှိနေကြပြီဖြစ်သည်။ မိုင်းရှူး၊ ဝမ်စိုင်း၊ ဝမ်ဆော့၊ မိုင်းနောင် တစ်ဝိုက်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ဒေသ ခံများမှာ ပင်လုံ၊ လွိုင်လင်၊ လဲချား၊ တောင်ကြီးမြို့များသို့ ထွက် ပြေးတိမ်းရှောင်နေကြရသည်။ အောက်တိုဘာလဆန်းမှစ၍ ဖြစ် ပွားခဲ့သော တိုက်ပွဲများနှင့်ပတ်သက်၍ အစိုးရ၏ UPWC ခေါင်း ဆောင်များသို့ အကြောင်းကြားခဲ့သော်လည်း UPWC အနေဖြင့် ကြားနေညှိနှိုင်းမှု အားနည်းသည်ဟု SSPP က နိုဝင်ဘာ ၁၅ ရက် နေ့ကထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် သုံးသပ်ဖော်ပြထားသည်။ရှမ်းပြည်နယ်အတွင်းလက်ရှိဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ထွက်ပြေး တိမ်းရှောင်သူ တစ်သောင်းကျော်ရှိနေပြီဖြစ်ပြီးစားဝတ်နေရေး၊ ကျန်းမာရေးအခက်အခဲများစွာ ကြုံတွေ့ နေရ သည်။တိုက်ပွဲဖြစ်ပွားရသည့် အကြောင်းရင်း နှင့် ပတ်သက်၍နှစ်ဖက် အဖွဲ့အကြား အပြန်အလှန် ပြစ်တင်ပြောဆိုနေကြသည်။ |
| ၈ | ၁၈.၁၁.၁၅ | Daily Eleven Pg (5) | ငြိမ်းချမ်းရေး | **ကချင်ပြည်နယ် တိုက်ပွဲများ၌ တပ်မတော်မှ ရဟတ်ယာဉ်နှစ်စင်းနှင့် လေယာဉ်တစ်စင်း ပစ်ကူရယူခဲ့**<br>ကချင်ပြည်နယ်တွင် တပ်မတော်နှင့် ကေအိုင်အိုတို့ အကြားဖြစ်ပွားနေသော တိုက်ပွဲများ၌ တပ်မတော်မှ ရဟတ်ယာဉ်နှစ်စင်းဖြင့် နှစ်ကြိမ်၊ လေယာဉ်တစ်စင်းဖြင့် တစ်ကြိမ် ပစ်ကူရယူခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက နိုဝင်ဘာ ၁၇ ရက်နေ့က သတင်းထုတ်ပြန်သည်။ ကေအိုင်အိုနှင့် နိုဝင်ဘာ ၁၆ ရက်နေ့ကဖြစ်ပွားသောတိုက်ပွဲများတွင် KIA ဘက်မှ အင်အားများ ထပ်မံပူးပေါင်း၍တပ်မတော်စစ်ကြောင်းအားတိုက်ခိုက်မှုကြောင့် တပ်မတော်(လေ)မှတိုက်ခိုက်ရေးရဟတ်ယာဉ်နှစ်စင်းဖြင့်နှစ်ကြိမ်၊ လေယာဉ်နှစ်စင်းဖြင့်တစ်ကြိမ်သွားရောက်ပစ်ကူတိုက်ခိုက်ချေမှုန်းခဲ့ကြောင်းနှင့်မိုးညှင်းမြို့အနီးရှိအမြောက်စခန်းမှလည်းအမြောက်များဖြင့်ပစ်ကူတိုက်ခိုက်ပေးခဲ့ကြောင်းသတင်း ထုတ်ပြန်သည်။ |

| | | | | |
|---|---|---|---|---|
| ၉ | ၁၈.၁၁.၁၅ | The Messenger Pg (8) စံတော်ချိန် အတွဲ (၃) အမှတ် (၉၃၈) Pg (2) | ငြိမ်းချမ်းရေး | **ငြိမ်းချမ်းရေး အခြေခံကောင်းများရရှိရန် အစိုးရသစ်ကို အုတ်မြစ်ချပေးမည်ဟု ဦးအောင်မင်းပြော** နောင်ဖြစ်လာမည့် အစိုးရသစ်အဖွဲ့အား ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အခြေခံကောင်းများကို အုတ်မြစ်ချပေးရန် ဆုံးဖြတ်ထားကြောင်း UPWC ဒုဥက္ကဋ္ဌ ဦးအောင်မင်းက နိုဝင်ဘာ ၁၇ ရက်နေ့က နေပြည်တော်တွင်ပြုလုပ်သည့် JICM အစည်းအဝေးတွင် ပြောကြားခဲ့သည်။ လက်ကျန်အစိုးရသက်တမ်းအတွင်း NCA စာချုပ်ကို မချိုးဖောက်ဘဲ ဆက်လက် အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချထားကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ခိုင်မာရေးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး လက်မှတ်ထိုးရန်ကျန်ရှိနေသေးသည့်အဖွဲ့များ ပါဝင်လာရေးကိုလည်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဦးအောင်မင်းက ပြောကြားသည်။ လာမည့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက် မတိုင်မီ ပါဝင်သင့်၊ ပါဝင်ထိုက်သူများအားလုံးပါဝင်သည့် ပထမအကြိမ် နိုင်ငံရေးဆွေးနွေးပွဲကြီးပြုလုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန် လည်းအစည်းအဝေးတက်ရောက်လာသူများအား တိုက်တွန်းပြောကြားခဲ့ သည်။ |
| ၁၀ | ၁၈.၁၁.၁၅ | The Messenger Pg (6) | ငြိမ်းချမ်းရေး | **တပ်မတော်မှ စစ်ဆင်ရေးများကို လျှော့ချရန် PNLO တိုက်တွန်း** ငြိမ်းချမ်းရေးကို အစိုးရမှ မည်မျှအလေးထား ကြောင်းကို သက်သေပြသသည့်အနေဖြင့် လတ်တလော ဖြစ်ပွားနေသည့် တိုက်ပွဲများတွင် စစ်ဆင်ရေးများ၊ ရန်လိုမှုများ လျှော့ချရပ်ဆိုင်းပေးရန် PNLO နာက ဗိုလ်မှူးကြီး ခွန်ဥက္ကာက နိုဝင်ဘာ ၁၇ ရက်နေ့ကနေပြည်တော်တွင်ကျင်းပပြုလုပ်သည့် JICM အစည်းအဝေးတွင်တိုက်တွန်းပြောကြားခဲ့သည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်လက်မှတ်မထိုးသေးသည့် အဖွဲ့များကိုလည်း ပြည်ထောင်စုအကြီးအကဲများ၊ တပ်မတော်အကြီးအကဲများအနေဖြင့် စိတ်ရှည်သည်းခံပြီး အကြိမ်ကြိမ် ထပ်မံဖိတ်ခေါ်စေလိုကြောင်း ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။ |
| ၁၁ | ၁၈.၁၁.၁၅ | Eleven Media Group (online news) | ငြိမ်းချမ်းရေး | **ကိုးကန့်တွင် စစ်အုပ်ချုပ်ရေးအမိန့် ရုတ်သိမ်း** ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အရေးပေါ်အခြေအနေ ကြေညာထားသည့် စစ်အုပ်ချုပ်ရေးအမိန့်ကိုနိုဗင်ဘာ ၁၇ ရက်က ရုတ်သိမ်းခဲ့ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅) ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေး၊ |

| | | | | |
|---|---|---|---|---|
| | | | | ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိပြီး တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီ ဖြစ်သဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ ဥပဒေကဲ့သို့ အာဏာ တည်သော အမိန့်အမှတ် (၂/၂၀၁၅) ဖြင့် ထုတ်ပြန်ထားသည့် စစ် အုပ်ချုပ်ရေး အမိန့်ကို နိုဝင်ဘာ ၁၇ ရက်မှစ၍ ရုပ်သိမ်းလိုက် ကြောင်း ဖော်ပြထားသည်။ |
| ၁၂ | ၁၈.၁၁.၁၅ | လူထုပုံရိပ် Vol (4) No (9) p (2) | မဘသ | **ပြည်သူ့လက်မှတ် ငါးသန်းကျော်ဖြင့်သာ မျိုးစောင့်ဥပဒေကို ပြင်ဆင်ဖျက်သိမ်း ခွင့်ပြုမည်ဟုဆို**<br><br>နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် လက်ရှိ အစိုးရအဖွဲ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော မျိုးစောင့်ဥပဒေကို နောက်အစိုးရလက်ထက်တွင် ဖျက်သိမ်းမည်ဆိုပါက ပြည်သူ့ လက်မှတ် ငါးသန်းကျော်ဖြင့်သာ ပြင်ဆင်ခွင့်ပြုမည်ဖြစ်ကြောင်း မဘသ ခေါင်းဆောင်ဆရာတော် ဦးဝီရသူက မိန့်ကြားသည်။ ထိုသို့မဟုတ်ဘဲမျိုးစောင့်ဥပဒေကိုအတင်းအဓမ္မဖျက်သိမ်းမည်ဆို ပါက မိမိတို့ မဘသအဖွဲ့နှင့် ထိပ်တိုက်တွေ့မည်ဟု ဦးဝီရသူက ပြောလိုက်သည်။ မျိုးစောင့်ဥပဒေဖြစ်မြောက်ရေးကို အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့မှ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅ နှစ် ကျော်ကတည်းက ကြိုးစားလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု မဘသ ဆရာတော်များက မိန့်ကြားသည်။ Media (6) |
| ၁၃ | ၁၈.၁၁.၁၅ | လူထုပုံရိပ် Vol (4) No (9) p (2) | မဘသ | **ပါရီအကြမ်းဖက်မှု ဝမ်းနည်းခြင်းအထိမ်းအမှတ် ရန်ကုန်နှင့် မန္တလေးတွင် ဆုတောင်းပွဲပြုလုပ်မည်**<br>နိုဝင်ဘာ ၁၃ ရက်နေ့က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဖြစ်ပွား ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူတစ်ရာကျော် သေဆုံးခဲ့ရခြင်းနှင့် ပတ်သက်ပြီး မဘသ မှဝမ်းနည်းခြင်းအထိမ်း အမှတ်အဖြစ်ရန်ကုန်နှင့် မန္တလေးတို့တွင် ဆုတောင်းပွဲပြုလုပ်မည် ဖြစ် ကြောင်း မဘသ မှ ဦးဆောင်ဆရာတော် ဦးဝီရသူမှ မိန့်ကြား သည်။ IS လက်နက်ကိုင်များက ပြင်သစ်နိုင်ငံ ပါရီမြို့တော်ရှိ ကပွဲ ခန်းမတစ်ခုတွင် ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ကာ ဗုံးဖောက်ခွဲ ခြင်း၊ ပါရီမြို့ရှိ စားသောက်ဆိုင်နှင့် ကဖေးဆိုင်များတွင်လည်း လက်နက်ကိုင်လူများက ပစ်ခတ်မှုများ ပြုလုပ်ခြင်းနှင့် ဘောလုံး ကွင်းတွင် အသေခံဗုံးခွဲသူများက ဖောက်ခွဲမှုပြုလုပ်ခဲ့ရာ လူပေါင်း ၁၂၉ ဦးသေဆုံးခဲ့ပြီး ၃၅၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ဆုတောင်းပွဲပြုလုပ်သင့်သည်ဟု ထင်မြင်သည့်အတွက် မဘသ အဖွဲ့မှ စီစဉ်နေခြင်းဖြစ်ကြောင်း မိန့်ကြားသည်။<br>နေမင်း (ရော) |

| | | | | |
|---|---|---|---|---|
| ၁၄ | ၁၈.၁၁.၁၅ | လူထုပုံရိပ် Vol (4) No (9) p (5) | မဘသ | **ကြားကာလတွင် ဘာသာရေးပဋိပက္ခအတွက် စိုးရိမ်စရာမရှိဟု မဘသ ခေါင်းဆောင်ပြော**<br>ရွေးကောက်ပွဲအလွန် လက်ရှိ အစိုးရသက်တမ်းမကုန်ခင် အာဏာမလွှဲခင်ချိန်တွင် ဘာသာရေးအခြေခံ လူမျိုးရေးပဋိပက္ခများ ပြန်လည်ဖြစ်ပေါ်လာမည်ကို လူထုက စိုးရိမ်နေသော်လည်း အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ မဘသမှ ခေါင်းဆောင်ဆရာတော် ဦးဝီရသူက စိုးရိမ်စရာမရှိကြောင်းဆိုသည်။ သို့သော် ကြားကာလတွင် လက်ရှိ ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်လောင်းများအား ကန့်ကွက်သည့်ကိစ္စဖြင့် လူထုလမ်းပေါ်ထွက် ဆူဆူပူပူဖြစ်လာမည်ကို စိုးရိမ်စရာရှိကြောင်းဆိုသည်။ Hate Speech နှင့် ပတ်သက်ပြီး စကော့တလန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့တွင် PUBLIC ORDER Act 1986 အဖြစ် သီးခြား ဥပဒေတစ်ခု ပြဋ္ဌာန်းထားပြီး အမေရိကန်နိုင်ငံတွင်လည်း သီးခြား ဥပဒေတစ်ခု ပြဋ္ဌာန်းရန် ကြိုးပမ်းနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် Hate Speech နှင့်ပတ်သက်၍ အရေးယူမှုများပြုလုပ်ရန် လိုအပ်နေပြီဖြစ်ကြောင်းပန်းစကားလှုပ်ရှားမှု အဖွဲ့မှ ကိုသက်ဆွေဝင်းက ဆိုသည်။<br>စိုင်းဝဏ္ဏ၊ Media (6) |
| ၁၅ | ၁၈.၁၁.၁၅ | လူထုပုံရိပ် Vol (4) No (9) p (11) | မဘသ | **ကန့်ကွက်မှုအချို့ကြောင့် ဦးဝီရသူ တရားပွဲ ၁၅ ပွဲ ပျက်ခဲ့ရ**<br>ယခုနှစ်တွင် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဆရာတော် ဦးဝီရသူ၏ တရားပွဲ ၁၅ ပွဲ ပျက်ခဲ့ရကြောင်း ဆရာတော်က နိုဝင်ဘာ ၁၄ ရက်က မိန့်ကြားသည်။ NLDပါတီဝင်အချို့၏ ကန့်ကွက်မှုကြောင့် တရားပွဲပျက်ခဲ့ရခြင်းဖြစ်ကြောင်းဆိုသည်။ တရားပွဲများပျက်ခြင်းသည် စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံးဖြစ်သည်ဟု မိန့်ကြားသည်။ ဆရာတော်မှ နိုင်ငံရေးတရား ဟောနေခြင်းမဟုတ်ဘဲ အမျိုးဘာသာသာသနာကာကွယ်စောင့်ရှောက်ရေး အတွက်ဟောနေခြင်းဖြစ်သည် ဟု မိန့်ကြားသည်။ဆရာတော်၏တရားပွဲအပြင်မဘသ အဖွဲ့ဝင်အချို့ ဆရာ တော်များ၏ တရားပွဲများပါ ဖျက်သိမ်းခံရသည်။ Media- 6 |
| ၁၆ | ၁၈.၁၁.၁၅ | လူထုပုံရိပ် Vol (4) No (9) p (12) | ရခိုင် | **ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်ရေး ပြဿနာဖြစ်လာနိုင်သည်ဟု ဆို**<br>ရခိုင်ပြည်နယ်၊ ဝန်ကြီးချုပ်နေရာကို ယခုနှစ်ရွေးကောက်ပွဲ အလွန်တက်မည့် အစိုးရအဖွဲ့၏သမ္မတကသာ ခန့်အပ်မည်ဖြစ်သောကြောင့် ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်မည့်ကိစ္စမှာ ပြဿနာဖြစ်နိုင်ကြောင်း ရခိုင်အမျိုးသားပါတီနာယက ဦးအေးသာအောင်က နိုဝင်ဘာ ၁၄ က ပြောသည်။ ပြည်နယ် ဝန်ကြီးချုပ် ခန့်အပ်သည့်နေရာတွင် မိမိတို့ ရခိုင်အမျိုးသားပါတီမှ စောင့်ကြည့်သွားမည်ဟု ဦးအေးသာအောင်ကဆိုသည်။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် |

| | | | | |
|---|---|---|---|---|
| | | | | နေရာကို မိမိတို့ တိုင်းရင်းသား ပါတီဖြစ်သော ရခိုင် အမျိုးသားပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်များကိုသာ ရွေးချယ်ခန့်အပ်စေလိုသည်ဟု ရခိုင်တိုင်းရင်းသားများကဆိုသည်။ ပြည်နယ်ဝန်ကြီးချုပ်နေရာကိုလည်း မိမိတို့ ရခိုင်အမျိုးသားပါတီမှသာ ရယူလိုကြောင်း ရွေးကောက်ပွဲမတိုင်ခင်က ပါတီမှ ထိပ်ပိုင်းခေါင်းဆောင်အချို့က ပြောသည်။<br>ထွင့်ခေါင် (ရော) |
| ၁၇ | ၁၈.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၅၇) p (5) | Other | **ရိုဟင်ဂျာလူမျိုးကိုဖော်ပြသည့် ပြက္ခဒိန်ထုတ်ဝေခြင်းအပေါ် အမျိုးသားရေးအင်အားစုများက ကန့်ကွက်မည်ဟုဆို**<br><br>ရိုဟင်ဂျာလူမျိုးနှင့်ပတ်သက်သည့် ရှင်းလင်းချက်များနှင့် ဓာတ်ပုံများပါရှိသည့် ပြက္ခဒိန်တစ်ခု ထွက်ပေါ်လာခြင်းအပေါ် အမျိုးသားရေးအင်အားစုများက ကန့်ကွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားရေးကွန်ရက်မှဆိုသည်။ ကန့်ကွက်မှု ပြုလုပ်နိုင်ရန် အမျိုးသားရေးအင်အားစုများက အစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက် မကွေးကျောင်းတိုက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားရေးကွန်ရက်မှ ဥက္ကဋ္ဌ ဦးဝင်းကိုကိုလတ်ကပြောသည်။ ယင်းပြက္ခဒိန်မှာ ၂၀၁၆ ခုနှစ်အတွက် ရည်ရွယ်ကာ ပုံနှိပ်ထားခြင်းဖြစ်သည့်အတွက် အစိုးရအပြောင်းအလဲကာလတွင် ပဋိပက္ခဖြစ်စေနိုင်ကြောင်း။ ယင်းပြက္ခဒိန်ထုတ်ဝေခြင်းကို တားမြစ်ရန်အတွက်လည်း အစည်းအဝေးရလဒ်ပေါ် မူတည်ပြီး နိုင်ငံတော်အစိုးရထံသို့ တောင်းဆိုသွားမည်ဖြစ်ကြောင်း ဦးဝင်းကိုကိုလတ်ကပြောသည်။<br><br>ထက်အောင်ဖြိုး |
| ၁၈ | ၁၈.၁၁.၁၅ | 7 Day Daily No (921) p (A1,A2) | Other | **အစာငတ်ခံ တိုက်ပွဲဝင်မှုကို အစိုးရသစ်ထံ ငြိမ်းချမ်းစွာအာဏာလွှဲပြောင်းချိန်ထိ ယာယီရပ်နားမည်ဟု ဗကသ အဖွဲ့ချုပ် ကြေညာချက်ထုတ်**<br>နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် အစာငတ်ခံဆန္ဒပြနေသော သပိတ်မှောက် ဗကသ ကျောင်းသားများသည် ရွှေဝါရောင်သံဃာတော်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ မေတ္တာရပ်ခံမှုကြောင့် အစာငတ်ခံဆန္ဒပြသည့် ၂၆ ရက်ပြည့်နေ့တွင် ယာယီရပ်နားခဲ့သည်။ နိုဝင်ဘာ ၁၇ ရက်တွင် ရွှေဝါရောင်သံဃာတော်များက ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော အစာငတ်ခံဆန္ဒပြ ဗကသ ကျောင်းသားနှစ်ဦးထံ မေတ္တာရပ် ခံခဲ့ရာ ကျောင်းသားနှစ်ဦးမှ ယာယီရပ်ဆိုင်းပေးမည်ဟု ဆရာတော် များထံ ကတိပေးလိုက်သည်။ လက်ရှိတွင် အစာငတ်ခံဆန္ဒပြနေ သော ကျောင်းသားခုနစ်ဦးခန့်ရှိကြောင်း ဆန္ဒပြရာတွင်ပါဝင်သော ဗကသ ကျောင်းသား |

| | | | | |
|---|---|---|---|---|
| | | | | ကိုအောင်မိုင်းဆန်းကပြောသည်။ ယင်းသို့ ရပ်နားခြင်းသည် အပြီးရပ်နားခြင်းမဟုတ်ဘဲ တောင်းဆိုချက်များ ကို အစိုးရက လိုက်လျောပေးမှသာ အပြီးရပ်ဆိုင်းသွားမည်ဖြစ် ကြောင်း ကိုအောင်မိုင်းဆန်းကပြောသည်။<br>ငြိမ်းချမ်း |
| ၁၉ | ၁၈.၁၁.၁၅ | ပြည်မြန်မာ<br>အတွဲ (၃)<br>အမှတ် (၅၀) p<br>(3) | Other | **လှိုင်သာယာရွှေလင်ဗန်းစက်မှုဇုန်မှ ကျူးကျော်တဲများကို ဖယ်ရှား**<br>လှိုင်သာယာ ရွှေလင်ဗန်းစက်မှုဇုန်အတွင်း မဂ္ဂရာမင်းသားကြီးလမ်းနှင့်မောင်ပျိုးလမ်းဘေးတွင် တိုးချဲ့ကာ ဆောက်လုပ်နေထိုင်သည့် ကျူးကျော်နေအိမ်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များစသည့် အင်အား ၅၀ ခန့်မှ နိုဝင်ဘာ ၁၇ ရက်နေ့လယ် ၁ နာရီတွင် ဖယ်ရှားခဲ့သည်။ ယင်းနေရာ ရှိ ကျူးကျော်တဲ ၁၂ လုံးကို ဖယ်ရှားခဲ့ခြင်းဖြစ်ပြီး ဝါး၊ ဓနိများကို စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ သယ်ယူသွားကြောင်းသိရသည်။ ထိုသို့ဖျက် ဆီးခံလိုက်ရသည့် ကျူးကျော်တဲဆယ်လုံးတွင် လူဦးရေ၄၀ကျော်ခန့်နေထိုင်ကြောင်းသိရသည်။ ကျူးကျော်တဲများအား ဝင်ရောက်မဖျက်ဆီးမီ ကကြိုတင်သတိပေးစာ မပေးခဲ့ကြောင်းလည်း ကျူး ကျော်တဲတွင် နေထိုင်သူများထံမှ ဆိုသည်။<br>လဝန်း |
| ၂၀ | ၁၈.၁၁.၁၅ | ပြည်မြန်မာ<br>အတွဲ (၃)<br>အမှတ် (၅၀) p<br>(4) | Other | **တကသ ကျောင်းသားခေါင်းဆောင်နစ်ဦး ပန်းဘဲတန်းမြို့နယ် တရားရုံးတွင် (၁၃) ကြိမ်မြောက် ရုံးထုတ် စစ်ဆေး**<br>ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် လွှတ်တော်အတွင်း တပ်မတော်သား ၂၅ ရာခိုင်နှုန်း ထွက်သွားပေးရေး ဆန္ဒပြတောင်းဆိုမှုကြောင့်အင်းစိန်ထောင်အတွင်း ဖမ်းဆီးခံထားရသည့်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ဝင် ကိုဇေယျာလွင်နှင့် ကိုပိုင်ရဲသူတို့အား နိုဝင်ဘာ ၁၇ ရက်တွင် ပန်းဘဲတန်းမြို့နယ် တရားရုံး၌ ရုံးထုတ်ခဲ့ပြီး တရားလိုပြသက်သေအဖြစ် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့မှူးအား စစ်ဆေးခဲ့ပြီး ဒီဇင်ဘာ ၁ ရက်သို့ ရုံးချိန်း ချိန်းဆိုခဲ့ကြောင်းသိရသည်။ (တကသ) ကျောင်းသားခေါင်းဆောင် ကိုဇေယျာလွင်၊ ကိုနန်းလင်း၊ ကိုပိုင်ရဲသူတို့ အပါအဝင် အဖွဲ့ဝင်ကျောင်းသားအချို့နှင့် ပြည်သူများပူးပေါင်း၍ ဇွန် ၃၀ ရက်က သိမ်ကြီးဈေးရှေ့မှ မြို့တော်ခန်းမရှေ့အထိ လမ်းလျှောက်ဆန္ဒပြခဲ့မှုကြောင့် ၄င်းတို့ကို ပုဒ်မ-၁၈၊ ပုဒ်မ-၅၀၅ (ခ) တို့ဖြင့် ပန်းဘဲတန်းမြို့နယ် တရားရုံးနှင့် ကျောက်တံတားမြို့နယ် တရားရုံး တို့၌ တရားစွဲဆိုထားခြင်းဖြစ်ပြီး ကိုနန်းလင်းမှာ လွတ်မြောက်နေ၍ တရားခံပြေးအဖြစ် ကြေညာထားသည်။<br>မျိုးကျော်စိုး |

| | | | | |
|---|---|---|---|---|
| ၂၁ | ၁၈.၁၁.၁၅ | The Messenger Pg (5) | Other | **မြန်မာနိုင်ငံအနေဖြင့် နောက်ပြန်လှည့်တော့မည် မဟုတ်ဟု မစ္စယန်ဟီးလီဆို**<br>မြန်မာနိုင်ငံတွင်း နိုဝင်ဘာ ၈ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲ၌ မြန်မာပြည်သူလူထုအနေဖြင့် ပြုပြင်ပြောင်းလဲလိုသည့် ဆန္ဒကိုပြသခဲ့ပြီးဖြစ်သဖြင့် မြန်မာနိုင်ငံသည် နောက်ကြောင်းပြန်လှည့်တော့မည်မဟုတ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စယန်ဟီးလီက ပြောသည်။ ရွေးကောက်ပွဲသည် မကြာသေးခင်နှစ်များအတွင်းမှာ တိုင်းပြည်အနေဖြင့် မည်မျှအကွာအဝေးအထိ လျှောက်လှမ်းခဲ့ရသည်ကို ပြသလိုက်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ သို့ရာတွင် မူဆလင်ကိုယ်စားလှယ်လောင်း များရွေးကောက်ပွဲ ဝင်ခွင့်မရခြင်း၊ လူထောင် ပေါင်းများစွာ မဲပေးခွင့်မရခြင်းတို့နှင့် ပတ်သက်၍မူ လူ့အခွင့်အရေး ကို ချိုးဖောက်ရာရောက်သဖြင့် စိုးရိမ်မိသည်ဟု ၎င်းကပြောသည်။ |
| ၂၂ | ၁၈.၁၁.၁၅ | The Messenger Pg (20) | Other | **လယ်ဆည်ဝန်ကြီးကို မတရားမဲဆွယ်မှုဖြင့် ယနေ့ တရားစွဲမည်**<br>ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ရွေးကောက်ပွဲ မတရားမဲဆွယ်မှုဖြင့် ဓက္ခိဏသီရိမြို့နယ်၊ ပေါက်တောရဲစခန်းတွင် နိုဝင်ဘာ ၁၈ (ယနေ့) တွင် အမှုဖွင့်တရားစွဲဆိုမည်ဟု သိရသည်။ အမှုအား နိုဝင်ဘာ ၁၆ ရက်နေ့တွင် တိုင်ကြားခဲ့သော်လည်း ရဲအရေးမပိုင်ဟုဆိုကာ ၁၇ ရက်နေ့မှသာ တိုင်ကြားခြင်းကို လက်ခံကြောင်း ပြန်ကြားခဲ့ခြင်းဖြစ်သည်ဟု အမှုဖွင့်တရားစွဲဆိုမည့် တရားလွှတ်တော်ရှေ့နေ ဒေါ်သန်းသန်းစိုးကပြောသည်။ ပြည်ထောင်စုဝန်ကြီး၏ မဲဆွယ်ကိုယ်စားလှယ်များသည် ဒက္ခိဏသီရိမြို့နယ်၊ သီရိမင်္ဂလာကျေးရွာရှိ ရပ်မိရပ်ဖများကို ဝန်ကြီးနေအိမ်သို့ ကားဖြင့်ခေါ်ဆောင်ကာ ဦးမြင့်လှိုင်အား မဲပေးပါက ကျေးရွာကို အမည်ပေါက်ဖြစ်အောင် ဆောင်ရွက်ပေးမည်ဟု မတရားမဲဆွယ် စည်းရုံးခဲ့သဖြင့် အမှုဖွင့်တရားစွဲဆိုရန် ပြင်ဆင်ရခြင်းဖြစ်သည်ဟု ယင်းမြို့နယ်မှ အနိုင်ရကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းကိုယ်စား တရားစွဲဆိုမည့် တရားလွှတ်တော်ရှေ့နေ ဒေါ်သန်းသန်းစိုးက ပြောသည်။ |
| ၂၃ | ၁၈.၁၁.၁၅ | Daily Eleven Pg (16) | Other | **အဆောင်လိုအပ်ချက်အပေါ်မူတည်ကာ သထုံဆောင်နှင့် ရွှေဘိုဆောင်တို့အား အဆောင်နေ ကျောင်းသား/ သူများအတွက် နေထိုင်ခွင့်ပြုမည်**<br>လာမည့် ပညာသင်နှစ်မှစ၍ အဆောင်နေထိုင်လိုသူများ၏ လိုအပ်ချက်အပေါ်မူတည်ကာ ရန်ကုန်တက္ကသိုလ်ပရိဝုဏ်အတွင်းရှိ သံထုံဆောင်နှင့် ရွှေဘိုဆောင်တို့အား အဆောင်နေ |

| | | | | |
|---|---|---|---|---|
| | | | | ကျောင်းသား/ သူများအတွက် တိုးချဲ့ခွင့်ပြုသွားမည်ဟုသိရသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်များတွင် ၂၀၁၃- ၂၀၁၄ ပညာသင်နှစ်မှစတင်ကာ ကျောင်းသား/ ကျောင်းသူများအတွက် အဆောင်နေထိုင်ခွင့်ကို ပြန်လည်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အဆောင်များအား ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်ပြင်ပမှ ကျောင်းလာရောက်တက်ရောက်ကြမည့် ကျောင်းသား/ သူများအတွက် စီစဉ်ပေးခြင်းဖြစ်ပြီး အဆောင်နေထိုင်ကြေးအား တစ်လလျှင် ငါးထောင်ကျပ် သတ်မှတ်ထားသည်ဟု သိရသည်။ |

## ONLINE NEWS

## HLUTTAW

### တရားဥပဒေစိုးမိုးရေး နှင့် တည်ငြိမ်အေးချမ်းရေးကော်မတီနှင့်အီးယူ၏ရဲများအကူအညီပေးရေးအဖွဲ့တွေ့ဆုံမှု လွှတ်တော်ကို အစီရင်ခံ

17.11.2015

တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီနှင့် Support to Reform of The Myanmar Police Force အဖွဲ့တို့ တွေ့ဆုံ၍ ရဲတပ်ဖွဲ့ တာဝန်ခံမှု ဆိုင်ရာ ဥပဒေရေးဆွဲရေး အကြောင်းအရာများ ဆွေးနွေးခဲ့ကြောင်း နိုဝင်ဘာ၁၇ ရက် တွင် လွှတ်တော်သို့ အစီခံခဲ့သည်။ကော်မတီသည် Support to Reform of The Myanmar Police Force အဖွဲ့ တွေ့ဆုံ၍ ဒီမိုကရေစီ ကူးပြောင်းရေး လုပ်ငန်းစဉ်တွင်ရဲနှင့် စစ်တပ်၏အခန်းကဏ္ဍပြောင်းလဲခြင်းနှင့်လွှတ်တော်ဆိုင်ရာ ကြီးကြပ်ခြင်း၊ ရဲတပ်ဖွဲ့ တာဝန်ခံမှုဆိုင်ရာ ဥပဒေရေဆွဲခြင်း၊လွှတ်တော်ဆိုင်ရာ ကြီးကြပ်ခြင်းအား ပိုမိုကောင်းမွန်စေရန် စီမံချက် များကို အကောင်းအထည်ဖော်ခြင်း စသည်တို့ကိုဆွေးနွေးခဲ့ကြောင်းပြည်သူ့လွှတ်တော်သို့ အစီရင်ခံခဲ့ သည်။ Support to Reform of The Myanmar Police Force အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ပြည်သူ့ ဗဟိုပြု ရဲလုပ်ငန်းစဉ်များ အတွက် စွမ်းရည်မြှင့်တင်ပေးခြင် အကူအညီများကို EU  ပံ့ပိုးမှုဖြင့် အကူအညီများပေးနေသည့်အဖွဲ့ဖြစ်သည်။

ဦးလွင်

http://mizzimaburmese.com/article/7550#sthash.5icPOoeo.pW7IDPo4.dpuf

## DAW AUNG SAN SU KYI

### မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိစဉ် ကတည်းက ကျင့်သုံးခဲ့သော နိုင်ငံခြားရေး မူဝါဒအတိုင်း ဆက်လက် ကျင့်သုံးသွား မည်ဟု ဒေါ်အောင်ဆန်းစုကြည်  ဆင်ဟွာသတင်းဌာနနှင့် အင်တာဗျူးတွင် ပြောကြား

18.11.2015

မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့စဉ်မှစကာကျင့်သုံးခဲ့သည့်နိုင်ငံခြားရေး မူဝါဒသည်နိုင်ငံအတွက်အလွန်ပင်သင့်တော်သည်ဟု ထင်မြင်ပြီး ယင်းမူဝါဒ ကို အောင်အောင် မြင်မြင် ဆက်လက်ပြီး ကျင့်သုံး သွားနိုင်မည်ဟုယုံကြည်ကြောင်း ဒေါ်အောင်ဆန်းစုကြည် မှ ဆင်ဟွာ သတင်းဌာနနှင့် အင်တာဗျူးတွင် ပြောကြားခဲ့ သည်။ ဆက်လက်ပြီးအိမ်နီးခြင်း

ဖြစ်သည့် တရုတ်ပြည်နှင့်ဆက်ဆံရေးသည် အပေးနိုင်ငံများများ ထက် ပိုပြီး သိမ်မွေ့ပြီး သိမ်မွေ့သည့် အလျောက် ဆက်ဆံရေးကို ပို ပြီး အလေးထား ကောင်းကောင်းမွန်မွန်၊ထိထိရောက်ရောက် ၊တိတိကျကျ ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ မိတ်ဖြစ်ဆွေဖြစ်သည် နှစ်ဘက်စလုံးမှ လိုလားခဲ့လျှင် မဖြစ်နိုင်စရာအကြောင်း မရှိပါဟုပြောကြားခဲ့သည်။ မြန်မာနိုင်ငံသည် တည်ငြိမ်မှု ရရှိနိုင်ပြီး မှန်ကန်စွာဖြင့် ပြည်သူလူထု ဆန္ဒကို အကောင်အထည်ဖော်သည့်စနစ်အရ နိုင်ငံကို တိုးတက်အောင် လုပ်မည် ဆိုသည်ကို ပွင့်လင်းမြင်သာစွာဖြင့် ထင်ထင်သာသာပြနိုင်ပါကနိုင်ငံတကာတွင်လည်း ယုံကြည်မှု ရှိလာပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည်ဖြစ်ကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။

China Xinhua News

http://www.xinhuamyanmar.com/myanmar/politics-law-military/1968-2015-11-17-15-08-22#.VktFB1dLy3Q.facebook

https://www.facebook.com/XinhuaMyanmar

## ဒေါ်အောင်ဆန်းစုကြည် အဖြေရှင်းဖို့လိုတဲ့ သမ္မတလောင်းမေးခွန်း

**18.11.2015**

NLD ကိုယ်စားလှယ်လောင်း များစွားအနိုင် ရရှိထား သည့် ရွေးကောက်ပွဲ နောက်ပိုင်းတွင်ဒေါ်အောင်ဆန်းစုကြည်ဖြေရှင်းပေးရန် လိုသည့်မေးခွန်းမှာ သမ္မတမည်သူဖြစ်မည် ဆိုတာဖြစ်သည်။ ရွေးကောက်ပွဲ အပြီး NLD မှတင်မည့်သမ္မတလောင်းကဘာသာခြားဖြစ်မည်ဟုသတင်းထွက်ပေါ်ခဲ့ရာ ပြည်သူအကြား ဂယောက်ဂယက်ဖြစ်ခဲ့သည်။NLD အဖွဲ့ချုပ်နှင့်ပြည်သူအကြားဘာသာတရားအခြေခံပြီးသွေးခွဲတိုက်ခိုက်မှုများလည်းဆက်ရှိနေခဲ့သည်။သမ္မတလောင်းမည်သူဖြစ်မည်ဆိုသည်ကို မပြောဘဲသမ္မတအထက်တွင် မိမိရှိနေမည်ဟုပြောဆိုခြင်းအပေါ်တွင်လည်းဝေဖန်မှုများရှိခဲ့သည်။သမ္မတလောင်းမှာNLD ပါတီဝင်ထဲကလား၊ပါတီဝင်မဟုတ်ဘူးလား၊ရွေးကောက်ခံကိုယ်စားလှယ်လောင်းထဲကလား၊ ရွေးကောက်ခံမဟုတ်ဘူးလား၊ဘာသာ ခြားလား၊ဗုဒ္ဓဘာသာဝင်လား၊တိုင်းရင်းသားတစ်ဦးဦးထဲကလား၊ ဗမာလူမျိုးလား၊ စစ်မှုထမ်းခဲ့ဖူးသူလား၊ လက်ရှိ တပ်မတော်ကနေထွက်လာသူ တစ်ဦးဦးထဲကလား၊ လက်ရှိအစိုးရအဖွဲ့ရဲ့ အုပ်ချုပ်ရေးယန္တရားမှာ ပါဝင်ခဲ့သည့်လူလား၊ အသက်အားဖြင့် ၅၀ (သို့) ၆၀ကျော်လား (သို့)၇၀ကျော်ထဲကလား၊နိုင်ငံရေးအကျဉ်းသားဖြစ်ဖူးသူလား၊လူသိထင်ရှားကျော်ကြားသူလား၊သို့မဟုတ်မထင်ရှားသူလား၊တပ်မတော်လိုလားထောက်ခံသူတစ်ဦး သို့မဟုတ် အခြားတစ်ဦးလား၊ ပြည်ခိုင်ဖြိုးပါတီဝင် တစ်ဦးဦးလား၊အမျိုးသား(သို့) အမျိုးသမီးလားစသည်ဖြင့် ပြည်သူများ လိုလားသိရှိနေကြသည်။သမ္မတမည်သူမည်ဝါဖြစ်သည်ကိုအမြန်ဆုံးအသိပေးရန်လိုပြီဖြစ်ကြောင်း သုံးသပ်ထားသည်။ **ဇင်သော်** လူထုပုံရိပ် Vol (4) No (9) p (3)

## PEACE/ARM CONFLICT

### စစ်ဘေးရှောင် ရှမ်းဒုက္ခသည်တွေအရေး ကုလ စိုးရိမ်

18.11.2015

ရှမ်းပြည်နယ်အလယ်ပိုင်းတွင် အစိုးရတပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ် ကြား ဖြစ်ပွားသည့်တိုက်ပွဲကြောင့် ဒုက္ခသည် ထောင်ပေါင်းများစွာ အိုးအိမ်စွန့်ပြီး ထွက်ပြေးတိမ်းရှောင်ရသည့် အခြေနေပေါ် လွန်စွာစိုးရိမ်မကင်းဖြစ်မိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုအေဂျင်စီမှ တနင်္လာနေ့တွင် ပြောဆိုပါသည်။ယခု ရှမ်းဒေသတွင်အစိုးရမှ စစ်ပွဲများ ပြင်ဆင်နေခြင်းသည်နယ်မြေမတည်ငြိမ်အောင်နှင့်အာဏာလွှဲပြောင်းရေး ကြံ့ကြာစေရန်အချိန်ဆွဲပြင်ဆင်လိုသည့် သဘောဟု SSPP/SSA တပ် ပြောခွင့်ရ ဗိုလ်မှူးကြီးစိုင်းလကေ သုံးသပ်ပါသည်။ by ဉာဏ်ဝင်းအောင်

http://burmese.voanews.com/content/shan-refugee-un-/3062876.html

### နယ်စပ်သတင်းများ

18.11.2015

UWSA ဝ အဖွဲ့ စစ်ဒေသ (၁၇၁) မုန်းကျွတ်ဒေသတွင်စခန်းထိုင်နေသောအဖွဲ့ များမှ လွဲ၍ ကျေးရွာ များ တွင်ရှိသော ဝ စစ်သား လုံး မုန်းကျွတ် စခန်းတွင် ဒီနေ့ ၃ နာရီစု ရန် စစ်ဒေသ (၁၇၁)မှ အမိန့် ထုတ်ပြန် ထားပါတယ်။ ယခုအချိန်အထိ ဝ အဖွဲ့ မှ ကလေး စစ်သားများ အပါအဝင်အင်အား ၁၅၀၀ ခန့်နားကောင်းမူ ဘက်မှ ဖြတ်သန်းပြီး မုန်းကျွတ် ဘက်သို့ သွားနေကြတယ်ဟု သတင်းရရှိ ထားပါသည်။ရန်ကုန်သတင်းစာမျက်နှာများ SourceKS

### SSPP/SSA အဖွဲ့ခြေကုတ် ယူထားသော ဝမ်ဆော့ စခန်းအား တပ်မတော်မှ သိမ်းပိုက်

17.11.2015

Breaking News

တပ်မတော်၏ နောက်တန်း ဌာနချုပ်အား အကြိမ်ကြိမ် တိုက်ခိုက်သိမ်းပိုက်ရန် ကြိုးစားခဲ့သော SSPP/SSA အဖွဲ့ ခြေကုတ်ယူထားသော ဝမ်ဆော့ တောင်ကုန်း စခန်းအား တပ်မတော်မှ ယနေ့ လေကြောင်းပစ်ကူ ရယူပြီးခြေလျင်တိုက်တပ်များ၏ တိုက်စစ်ဖြင့် တိုက်ခိုက် သိမ်းယူခဲ့ပါသည်။

### ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းမှ စစ်ဘေးဒုက္ခသည် များ တောင်ကြီးမြို့အထိ ရောက်ရှိလာ

17.1.2015

နိုဝင်ဘာ၁၇ ရက် မွန်းလွဲပိုင်းအထိရောက်ရှိလာသောစစ်ဘေးဒုက္ခသည်များ မှ မိသားစုသို့ လိုက်ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း တောင်ကြီးမြို့ကျောင်းကြီးစုရပ်ရှိ ဇေဋ္ဌုဂန်ရှမ်းကျောင်းမှ သိရသည်။ လွန်ခဲ့သော တစ်ပတ်ခန့် ဆောဆီ

ရပ်တွင်စစ်ဘေးရှောင်လာကြရင်း အသိမိတ်ဆွေများကမိမိတို့အိမ်တွင်လက်ခံထားရှိရင်းကနေပေဥ္စဂန် ရှမ်းကျောင်းသို့ လာရောက် ပို့ဆောင်ရင်း လူဦးရေများလာခြင်းဖြစ်ကြောင်း၊ယနေ့ ညနေပိုင်းနှင့် နောက်တစ်နေ့ တွင်လည်း ထပ်ရောက်လာရန်ရှိသေးကြောင်း၊စုစုပေါင်း ရာကျော်ရောက်ရှိလာရန် ရှိသေးကြောင်း ဒုက္ခသည်များအရေးကူညီပေးနေသော တာဝန်ရှိသူများက ပြောကြားသည်။ http://goo.gl/JCR5j6

## MA BA THA

### ဦးသိန်းစိန် လက်အောက်တွင်သာ နိုင်ငံတည်ငြိမ်နိုင်ဟု ဦးဝီရသူမိန့်

17.11.2015

မြန်မာနိုင်ငံ၏ အခြေအနေမှာ သမ္မတဦးသိန်းစိန်လက်အောက်တွင်သာ တည်ငြိမ်မှုရှိလိမ့်မည်ဟု ရွေးကောက်ပွဲရလဒ်အပေါ်အုံ့ဩ စိတ်ပျက်သည့် ဦးဝီရသူက မိန့်ကြားသည်မည်သည့် အရာ ဖြစ်လာနိုင်မည်ဆိုသည်ကိုမည်သူမှ မသိဘဲ အီဂျစ်ကဲ့သို့ အဆုံးသတ်သွားနိုင်"ဟုလည်း ဦးဝီရသူက မိန့်ကြားထားခဲ့သည်။

http://mizzimaburmese.com/article/7551#sthash.b34rLvGz.eWUYq3SI.dpuf

## ELECTION

### တိုင်းရင်းသားပါတီ အများစု ဘာကြောင့် ရှုံးနိမ့်ခဲ့ရသလဲ

**17.11.2015**

ယခုရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီ ၅၁ ပါတီယှဉ် ပြိုင်ခဲ့သော်လည်း ၁၉၉၀ ရွေး ကောက်ပွဲနည်းတူ ရှုံးနိမ့်ရခြင်းမှာ NLD ၏ ပြောင်းလဲချိန်တန်ပြီဟူသော ဆူ နာမီလှိုင်းသည် အဓိကအချက် ဖြစ်ခဲ့သည်ဟု ပါတီများက မှတ် ချက်ပေးပြောကြားခဲ့ သည်။ ထိုဆူနာမီလှိုင်း က အင်အား ကြီးမားခဲ့သည့်အပြင် NLD အစိုးရဖွဲ့နိုင် ရေးသည် လွှတ်တော်နေရာအ များစုအနိုင်ရရှိမှုဖြစ်မည်ဆိုသည့် သတင်းစကားကလည်း မဲပေးသူ များကိုဖမ်းစားခဲ့သည်ဟု ပါတီ များကဆိုသည်။ ဒေါ်အောင်ဆန်းစုကြည်ကလွှတ်တော်တွင် နေရာအများစုရမှသာအစိုးရဖွဲ့နိုင်မည်ဖြစ်၍ ပြည်နယ်များတွင်ပါဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်ဟုပြောကြားခဲ့ရာ ယခုပြည်နယ်များတွင် ပါ ဒီချုပ်၏ မဟာဗျူဟာအောင် မြင်သည်ဟုဆိုသည်။ ရှုံးနိမ့်ခဲ့ရသည့်အကြောင်းရင်းများတွင်ထိုအချက်များအပြင် တိုင်းရင်းသားပါတီများ မဲဆွယ်စည်းရုံးရာ၌ငွေကြေးအခက်အခဲရှိခြင်း၊ပြီးခဲ့သည့်ငါးနှစ်တာကာလအတွင်းပြည်သူများ၏ယုံကြည်မှုကို ရယူနိုင်မှုမရှိ ခဲ့ခြင်းနှင့်တိုင်းရင်းသားလူမျိုးစုတစ်ခုလျှင် ပါတီ အမြောက်အမြား ရှိ၍ မဲကွဲနေခြင်း တို့ကြောင့် ဖြစ် သည်ဟု သုံးသပ်ကြ သည်။ တိုင်းရင်းသား ပါတီ အမြောက်အမြား ရှုံးနိမ့်ခဲ့ရသည့်နှင့်ပတ် သက်၍လွှတ်တော်နေရာတွင် တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်ရေးနည်းပါးမည်ကိုစိုးရိမ်နေကြသူများလည်း ရှိ သည်။သို့ သော်ဒီချုပ်သည်အခြေခံပြည်သူ များ၏ အသံကိုအခြား ပါတီများ ထက်ပိုမိုနားထောင်သိရှိပြီး တိုင်းရင်းသားဒေသများတွင် ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များ ၌ ယှဉ်ပြိုင်၍ စိုးရိမ်စရာမရှိဟုဆိုသူများလည်း ရှိသည်။မည်သည့်ခန့်မှန်းချက်မှန်သည်ကိုလွှတ်တော်သစ်တွင် စောင့်ကြည့်ရမည်ပင်။ အိဖြူမွန်

http://www.7daydaily.com/story/51119

## RAKHINE NEWS

## ရခိုင်ပြည်နယ်မှာ သက်ငယ်မုဒိန်းမှုတွေ ထပ်မံမဖြစ်ပွားစေဖို့ ရခိုင်အမျိုးသမီးအဖွဲ့များ တောင်းဆို

18.11.2015

စစ်တွေမြို့နယ်မှာ နိုဝင်ဘာ ၁၅ ရက်နေ့က တပ်မတော်သား (တပ်ပြေး) တစ်ဦး ကျူးလွန်ခဲ့သည့် သက်ငယ် မုဒိန်းမှုနှင့် ပတ်သက်ပြီး ကျူးလွန်သူကို ထိရောက်စွာဖြင့် အမြန်ဆုံး အရေးယူပေးရန် ရခိုင်အမျိုးသမီးများအစည်းအရုံး(RWU) နှင့် ခိုင်အမျိုးသမီး ကွန်ရက် (RWN) တို့ နိုဝင်ဘာ ၁၇ ရက် နေ့စွဲဖြင့် ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက် မှာ ရခိုင်ပြည်နယ်တွင် အမျိုးသမီးများ ၏ ဘဝလုံခြုံမှု ရရှိစေရေး၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကို ကာကွယ်နိုင်စေရန်၊ အစိုးရနှင့် ပြည်သူတရပ်လုံး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားထားသည် ။ RiA POPULAR NEWS JOURNAL

## OTHER

## ပုလင်းကို အပြင်မှ ဆေးနေသူများ

18.11.2015

တိုင်းပြည်တစ်တွင် လူများစုချင်း အုပ်စုကွဲများ အကြား - သင်ပုန်းချေပေးရန် ပြောနေတာ၊ သင့်မြတ်ရန် ကြိုးစားနေသည်မှာ လေးစားပါ သော် လည်း လူများစုချင်းကွဲ အာဏာလုပွဲ တွင် လူနည်းစုများ ပစ်ပယ်ခံ ဖြစ်ရခြင်း ၊ ခွဲခြား ဖိနှိပ်ခံရခြင်း ၊ မတရားသဖြင့်ထိုးစစ်ဆင်ခံရခြင်း၊သတ်ဖြတ်ခံရခြင်းများကို အဆိုပါလူများစုမှ (အမုန်းခံရမည်းကြောက်သဖြင့် ) တစ်ခွန်းမှဟင်မပြောကြလျှင် လူများစုကြီးသည် အပုပ်များ ထည့်ထားသည့် ပုလင်းအား အပြင်ကသာ ပွတ်တိုက် ဆေးကြောရင်း အချိန်ဖြုန်းတီးနေသူများသာ ဖြစ်လိမ့်မယ်။Htay Lwin Oo

မုဟာမွှဒ်တွာဟောရ် (ဌေးလွင်ဦး)
ဦးဆောင်လှုပ်ရှားမှု တာဝန်ခံ
Civil Rights Movement